PARKVIEW HEALTH

# ငွေကြေးထောက်ပံ့ခြင်းမူဝါဒ

Financial Assistance Policy

## မူဝါဒစာတမ်း

Parkview Healthမှ အရေးပေါ်နှင့် အခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လူနာများ ငွေပေးချေနိုင်မှုအပေါ် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ပေးလျက်ရှိပါသည်။ Parkview Healthမှ ၎င်း၏ဝန်ဆောင်မှုများ နှင့် အရေးပေါ်ဌာနများမှ အရေးပေါ် ကျန်းမာရေးအခြေအနေများအတွက် လူတစ်ဦးချင်းစီကို လူတန်းစားခွဲခြားခြင်းမရှိဘဲ လူတစ်ဦးချင်း ငွေပေးချေနိုင်မှုအပေါ် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ Parkview Healthအတွက် ထောက်ပံ့ငွေ စည်းမျဉ်းအောက်တွင် အကူအညီပေးလျက်ရှိပါသည်။ Parkview Healthဌာနများနှင့် အရေးပေါ်ဌာနများမှ အရေးပေါ် ဆေးဘက်ဆိုင်ရာ အခြေအနေများအတွက် ကုသမှုမခံယူမီ အရေးပေါ်ဌာနလူနာများအား ငွေပေးဆောင်ရန် တောင်းဆိုခြင်း သို့မဟုတ် ခွဲခြားဆက်ဆံမှုမရှိဘဲ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုကို ဝင်ရောက်စွက်ဖက်သည့် ကြွေးမြီစုဆောင်းခြင်းဆိုင်ရာလုပ်ဆောင်မှုများကို ခွင့်ပြုခြင်း ကဲ့သို့သော တစ်ဦးချင်းစီကို အရေးပေါ်ဆေးကုသမှုခံယူရန် တားဆီးမှု လုပ်ဆောင်မှုများတွင်ပါဝင်ခြင်းမှ တားမြစ်ထားသည်။ Parkview Healthဌာနများနှင့် အရေးပေါ်ဌာနများသည် EMTALA မှလိုအပ်သည့်အတိုင်း အရေးပေါ်ကျန်းမာရေးအခြေအနေများကို စောင့်ရှောက်ပြီး ၎င်း၏ အကောင်အထည်ဖော်မှု စည်းမျဉ်းများမှာ ကျန်းမာရေး စစ်ဆေးမှုပေးခြင်း၊ ကုသမှုကို တည်တံ့အောင် လုပ်ဆောင်ပေးခြင်း၊ လိုအပ်ပါက တစ်ဦးချင်းကို အခြားဆေးကုသမှုသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ညွှန်းပေးခြင်းတို့ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် Parkview Healthမှ ၎င်း၏ဝန်ဆောင်မှုများ နှင့် အရေးပေါ်ဌာနများမှ ဖဒရယ်ဥပဒေ ကုဒ်ခေါင်းစဉ် 42 အခန်း IV အခန်းခွဲ Gအရ အရေးပေါ် ကျန်းမာရေးအခြေအနေများအတွက် သို့မဟုတ် နောက်ဆက်တွဲစည်းမျဉ်းများ (သက်ကြီးရွယ်အို ဆေးကုသမှုနှင့် ဆင်းရဲနွမ်းပါးသူကုသရေးဂန်ဆောင်မှုစင်တာများ၊ ကျန်းမာရေးနှင့်လူသားဝန်ဆောင်မှုများဌာန၊ စံသတ်မှတ်ချက်များနှင့် အသိအမှတ်ပြုလက်မှတ်) ထောက်ပံပေးပါမည်။ ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ လူနာများ၊ ဝန်ထမ်းများ၊ ဆရာဝန်များနှင့် လူမှုအသိုင်းအဝိုင်းများသို့ ငွေကြေးအထောက်အပံ့အတွက် ရရှိနိုင်မည် ဝန်ဆောင်မှုများ၊ လျှောက်လွှာလုပ်ငန်းစဉ်နှင့် အရည်အချင်းပြည့်မီမှုစံများနှင့် ပတ်သက်ပြီး တိကျသော အချက်အလက်များကို ထောက်ပံ့ပေးနိုင်ရန်အတွက် ဖြစ်ပါသည်။ ဤမူဝါဒအား Parkview Health ဒါရိုက်တာ ဘုတ်အဖွဲ့မှ လွှဲအပ်ထားသည့် အခွင့်အာဏာအရ Parkview Health ဘဏ္ဍာရေး ကော်မတီမှ အတည်ပြုခဲ့သည်။

## စကားလုံးအဓိပ္ပါယ်သတ်မှတ်ချက်များ

**အေ။** **အရေးပေါ် ကုသမှု** ဆိုသည်မှာ စိတ်ကျန်းမာရေးအခြေအနေအပါအဝင် အပြင်းအထန်နာကျင်ခြင်းမျိုးကဲ့သို့ လုံလောက်ပြင်းထန်သည့် ရောဂါလက္ခဏာများပြသပြီး ချက်ချင်းဆေးဂါးကုသမှုခံယူနိုင်သည့်အခြေအနေမရှိပဲ ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းဖြစ်နိုင်သည့် အခြေအနေဖြစ်သည်။

**ဘီ။** **ဆေးဘက်ဆိုင်ရာ လိုအပ်သော စောင့်ရှောက်မှု** ဆိုသည်မှာ လူနာတစ်ယောက်အား စမ်းသပ်စစ်ဆေးခြင်း၊ သက်သာအောင်ကုသပေးခြင်း၊ အသက်အန္တရာယ်ရှိသည့်အခြေအနေမှ ကာကွယ်ခြင်း၊ နာကျင်ခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ ပျက်စီးခြင်း၊ မသန်စွမ်းဖြစ်သွားနိုင်ခြင်းနှင့် ယေဘုယျ အဖျားကြီးခြင်းသို့မဟုတ် စိတ်ပိုင်း/ရုပ်ပိုင်းအားနည်းခြင်းကို ကာကွယ်ကုသခြင်းတို့ဖြစ်သည်။

**စီ။** **လျှောက်ထားခြင်းကာလ** ဆိုသည်မှာ ကုသမှုခံယူခြင်းစတင်သည့်အချိန်မှစပြီး လူနာအား ငွေတောင်းခံလွှာစတင်ထုတ်ပေးသည့်ရက်မှ ရက်ပေါင်း ၂၄၀ မြောက်ရက်အထိအတွင်း သို့မဟုတ် ပုံမှန်မဟုတ်သော ကောက်ခံခြင်းလုပ်ငန်းစဉ်စတင်သည့်အချိန်Parkview Health မှ စာဖြင့်ရေးသားပြီး နောက်ဆုံးရက်သတ်မှတ်ပြီးသည်မှ ရက်ပေါင်း ၃၀ အတွင်းဖြစ်သည်။

**ဒီ။** **အထွေထွေကောက်ခံသည့်ကုန်ကျစရိတ်များ (AGB)** သည် အရေးပေါ် သို့မဟုတ် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုအတွက် တောင်းဆိုရန် Medicare ဝန်ဆောင်ခနှင့် ပုဂ္ဂလိက ကျန်းမာရေး အာမခံများမှ ခွင့်ပြုထားသော ငွေကြေးပမာဏဖြစ်ပါသည်။ Parkview Healthသည် Look Back Method (ပြန်လှန်ကြည့်ရှုစစ်ဆေးသည့် နည်း)ဖြင့် အထွေထွေ ကုန်ကျစရိတ်များကို တွက်ချက်သည

**အီး။** **Look Back Method (ပြန်လှန်ကြည့်ရှုစစ်ဆေးသည့် နည်း)သည်** လွန်ခဲ့သည့်နှစ်၏ Medicareနှင့် ပုဂ္ဂလိကကျန်းမာရေးအာမခံများမှ ပေးဆောင်ခဲ့သည်ကုန်ကျစရိတ် များကိုကြည့်ရှုပြီး ဤနှစ်၏ အထွေထွေကုန်ကျစရိတ်ပမာဏ များကို သတ်မှတ်ခြင်းဖြစ်သည်။

**အက်ဖ်။** **စုစုပေါင်း မိသားစုဝင်ငွေ** ဆိုသည်မှာ ပြည်ထောင်စု ဝင်ငွေခွန်ပုံစံ 1040 တွင်သတ်မှတ်ထားသည့် စုစုပေါင်းမိသားစုဝင်ငွေဖြစ်ပြီး ၎င်းမိသားစုဝင်များ၏ လက်ရှိ အလုပ်အကိုင်မှရရှိသည့် စုစုပေါင်းဝင်ငွေနှင့် အပိုင်း ဒီတွင်ဖော်ပြထားသည့် အခြား ဝင်ငွေရလမ်းများမှ ဝင်ငွေများဖြစ်သည်။

**ဂျီ။** **Parkview ကျန်းမာရေး ဝန်ဆောင်မှု ဧရိယာ** ကို အရှေ့မြောက်ပိုင်း အင်ဒီယားနားနှင့် အနောက်မြောက်ပိုင်း အိုဟိုင်းအိုးပြည်နယ်၏ အောက်ပါပြည်နယ်များအဖြစ် ယေဘုယျ အားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အင်ဒီယားနား တွင် - Adams, Allen, DeKalb, Huntington, Kosciusko, LaGrange, Noble, Steuben, Wabash, Wells, Whitley, Fulton, Marshall, Miami, Grant, Cass ကောင်တီများ၊ အိုဟိုင်းအိုးတွင် Defiance, Paulding, Van Wert, Williams, Fulton ကောင်တီများ

## လုပ်ငန်းစဉ်

**အေ။ ငွေကြေးထောက်ပံ့ခြင်း မူဝါဒလုပ်ဆောင်ချက်များကို အများပြည်သူသိစေရန် ဆက်သွယ်အသိပေးခြင်း**

1. Parkview ၏ ငွေကြေးထောက်ပံ့ခြင်းမူဝါဒ၊ အသုံးပြုခြင်းနှင့် အရပ်သုံးစကားဖြင့်အကျဉ်းချုပ်ကို Parkview.com နှင့် ဆေးရုံငွေကိုင်ရုံးများတွင်ရနိုင်ပြီး လူနာငွေကြေးဝန်ဆောင်မှုဌာန 260-266-6700 သို့မဟုတ် အခမဲ့ 855-814-0012 သို့ခေါ်ဆိုမေးမြန်းနိုင်သည်။
2. Parkview ၏ ငွေကြေးထောက်ပံ့ခြင်း မူဝါဒအကြောင်းလက်ကမ်းစာစောင်များကို ဆေးရုံစာရင်းသွင်းနေရာတိုင်းတွင်ရနိုင်သည်။
3. အရေးပေါ်ဌာနနှင့် ဆေးရုံစာရင်းသွင်းနေရာတိုင်းတွင် ငွေကြေးထောက်ပံ့ခြင်းနှင့်ဆိုင်သည့် ဆိုင်းဘုတ်များကို ထားရှိသွားမည်ဖြစ်ပြီး ငွေကြေးထောက်ပံ့ခြင်းမူဝါဒနှင့်ပတ်သက်သည်များကို ပိုမိုသိရှိလိုပါက မေးမြန်းစုံစမ်းနိုင်သည့် သတင်းအချက်အလက်များကိုပါ ထည့်သွားပါရှိသွားပါမည်။
4. လူနာများအနေနှင့် ဆေးရုံစာရင်းသွင်းသည့် အချိန့်အရပ်သုံးစကားဖြင့်အကျဉ်းချုပ်ကို ပေးပါမည်။
5. ငွေတောင်းခံလွှာထုတ်ပေးသည့်အချိန်တိုင်း လူနာအား ငွေကြေးအထောက်အပံ့ရယူနိုင်ကြောင်းကို အသိပေးသွားမည်ဖြစ်ပြီး ဆက်သွယ်နိုင်သည့် သတင်းအချက်အလက်များကိုလည်း တစ်ပါတည်း ပေးသွားမည်ဖြစ်သည်။
6. ဤမူဝါဒ၏ အရပ်သုံးစကားဖြင့်အကျဉ်းချုပ်ကို ငွေတောင်းခံလွှာနှင့်အတူ လူနာသို့ပေးပို့ပေးမည်ဖြစ်ပြီး လျှောက်ထားရမည့်ညွှန်ကြားချက်ပါ ပါရှိပါမည်။
7. Parkview ၏ လမ်းညွှန်အတိုင်း ကုန်ကျစရိတ်ကိုမတတ်နိုင်သည့် လူနာများအနေနှင့် ငွေကြေးထောက်ပံ့ခြင်းသတင်းအချက်အလက်များကို ပေးထားမည်ဖြစ်သည်။ ငွေကြေးပေးဆောင်မည့် လမ်းညွှန်ကို စုဆောင်းခြင်းမူဝါဒတွင်ဖော်ပြထားပါမည်။ စုဆောင်းခြင်းလမ်းညွှန်ကို Parkview.com၊ ဆေးရုံငွေကိုင်ရုံးခန်းများတွင် ရယူနိုင်ပြီး 260-266-6700 သို့မဟုတ် အခမဲ့ 855-814-0012 သို့ခေါ် ဆိုနိုင်သည်။

## ဘီ။ အကျုံးဝင် ဝန်ဆောင်မှုများ

1. အရေးပေါ်နှင့် လိုအပ်သောဆေးဝါးစောင့်ရှောက်မှုကို ငွေကြေးထောက်ပံ့ခြင်းမူဝါဒအရ ခံစားခွင့်ရှိသည်။
   a. လူနာ၏ မူဝါဒဖြင့် "အကျုံးမဝင်သော" ဝန်ဆောင်မှုများသည် ဆေးဘက်ဆိုင်ရာအရ မလိုအပ်သော ဝန်ဆောင်မှုများဟု မဆိုလိုနိုင်ပါ။
2. တိုက်ရိုက် အသုံးပြု စမ်းသပ်စစ်ဆေးခြင်း၊ Heart Smart CT၊ သွေးကြောဆိုင်ရာ စစ်ဆေးခြင်း၊ ကင်ဆာရောဂါ မျိုးဗီဇဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း စသဖြင့် ကန့်သတ်ချက်မရှိဘဲ အပါအဝင် ရွေးချယ်ထားသော ဝန်ဆောင်မှုများ နှလုံးရောဂါကုထုံး မျိုးဗီဇဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း၊ ခန္ဓာကိုယ် အလေးချိန် ကျဆင်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်၊ ဆရာဝန်ရုံး တွဲဖက်ပေးချေမှုများ၊ ဝန်ဆောင်မှုများနှင့် အလှကုန်ဝန်ဆောင်မှုများသည် ငွေကြေးဆိုင်ရာ အထောက်အပံ့ မူဝါဒအရ သတ်မှတ်ချက် မပြည့်မီပါ။ Park Center Group Home ဝန်ဆောင်မှုများကို သီးခြား စျေးနှုန်းသတ်မှတ်ပြီး ယေဘုယျအားဖြင့် ဤမူဝါဒအရ သတ်မှတ်ချက် မပြည့်မီပါ။

## စီ။ အကျုံးဝင်သော ဝန်ဆောင်ပေးသူများ

1. Parkview ဆရာဝန်များအဖွဲ့သို့ ဆေးဘက်ဆိုင်ရာ ငွေကြေးတောင်းခံခြင်းများ၊ Parkview Home Health၊ Parkview Hospice Parkview Home Infusion၊ နှင့် Parkview နှင့်ချိတ်ဆက်ထားသည့်မည်သည့်ဆေးရုံမဆို ငွေကြေးထောက်ပံ့ခြင်းမူဝါဒတွင် အကျုံးဝင်သည်။ Parkview နှင့်ချိတ်ဆက်ထားသည့် ဆေးရုံများမှာ - Parkview Hospital Randallia၊ Parkview Behavioral Health Parkview Park Center Parkview Regional Medical Center Parkview Orthopedic Hospital Parkview Whitley Hospital Parkview Huntington Hospital Parkview Noble Hospital Parkview LaGrange Hospital Parkview DeKalb Hospital Parkview Wabash Hospital၊ နှင့် Parkview Warsaw. အခြား Parkview မဟုတ်သော ဝန်ဆောင်မှုပေးသူများမှာ ဤ ငွေကြေးထောက်ပံ့ခြင်း မူဝါဒနှင့် မသက်ဆိုင်ပါ။ ဤမူဝါဒအရ တောင်းခံနိုင်သော (မတောင်းခံနိုင်သော) ဆရာဝန်များစာရင်းကို Parkveiw.com သို့မဟုတ် အောက်ပါ လင့်ခ်တွင် ရှာဖွေနိုင်သည် - www.parkview.com/financialassistancecharges

## ဒီ။ အကျုံးဝင် သတ်မှတ်ချက်များ

1. ပြည်ထောင်စု ဆင်းရဲမှုညွှန်းကိန်း ("ရည်ညွှန်း" အပိုင်းကိုကြည့်ပါ)ပါ သတ်မှတ်ချက်၏ 200% ထက်မကျော်သော စုစုပေါင်းမိသားစုဝင်ငွေရှိသည့် လူနာများသည် အကျုံးဝင်သော ပမာဏကို ပယ်ဖျက်ပေးရန် တောင်းဆိုခွင့်ရှိပြီး လျှောက်ထားကာလအတွင်း လျှောက်ထားရမည်။
2. Federal Poverty Guidelines (ဆင်းရဲမွဲတေမှုဆိုင်ရာ ဖယ်ဒရယ်လမ်းညွှန်ချက်များ)အရ စုစုပေါင်းမိသားစုဝင်ငွေ ၂၀၁% မှ ၂၅၀% အတွင်းရှိသည့် လူနာများသည် သီးသန့်ချေငွေများအား ရယူနိုင်ပြီး သတ်မှတ်ထားသည့် ကာလအတွင်း ၎င်းအတွက် လျှောက်ထားပြီး ရယူနိုင်သည်။ ၎င်းအတွက် လူနာ၏ အထွေထွေကုန်ကျစရိတ်မှ ပံ့ပိုး သည့်အတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။ လက်ရှိ အထွေထွေကုန်ကျစရိတ်နှင့်ပတ်သက်၍ Parkview၏ ဝက်ဆိုက်စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။
3. မိသားစုအရွယ်အစားသည် ပြီးခဲ့သော ပြည်ထောင်စုအခွန်အကောက်မှတ်တမ်းအရ လူနာသို့မဟုတ် ထောက်ခံသူအားမှီခိုနေရသည့် အရေအတွက်နှင့် သတ်မှတ်ပြီး ငွေကြေးထောက်ပံ့ခြင်းလျှောက်ထားရာတွင်တင်ပြရမည်။ အုပ်ထိန်းသူအခြေအနေတွင် ထောက်ခံပေးသူသည် ၎င်း၏ နှစ်စဉ်အခွန်မှ ကလေးတစ်ယောက်အတွက်တောင်းခံရာတွင် ၂ နှစ်အခွန်ဆောင်ထားသည့်မိတ္တူ သို့မဟုတ် တစ်နှစ် အခွန်ဆောင်ထားသည့်မိတ္တူနှင့်အုပ်ထိန်းခွင့်လက်မှတ်ကို တင်ပြပြီး ကလေးကို မှီခိုအနေနှင့် တင်ပြနိုင်သည်။
4. မိသားစု စုစုပေါင်းဝင်ငွေတွင် ထောက်ခံသူနှင့် အိမ်ထောင်ဖက်၏ အလုပ်အကိုင်မှ စုစုပေါင်းဝင်ငွေ၊ ရေတို/ရေရှည် ထိခိုက်ဒဏ်ရာရခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လူမှုဖူလုံကြေးရခြင်း၊ သက်ပြည့်ပင်စင်ရခြင်း၊ စစ်မှုထမ်းပင်စင်၊ ပင်စင်နှင့် ငွေတိုက်စာချုပ်မှ ဝင်ငွေတို့ပါဝင်သည်။ ကိုယ်ပိုင်အလုပ်မှဝင်ငွေ၊ မိတ်ဖက်လုပ်ငန်းများမှ ဝင်ငွေ၊ ကော်ပိုရေးရှင်းကြီးများ၊ အဆောက်အဦး ငှားရမ်းခြင်းမှဝင်ငွေများနှင့် လယ်မြေများမှဝင်ငွေများကိုမူ ရောင်းရန်ရှိကုန်ပစ္စည်းများကိုရောင်းချခြင်းမှ လောင်စာဆီ၊ မီးဖိုး၊ ရေဖိုး၊ စီးပွားရေးငှားရမ်းခြင်းတို့အား နုတ်ယူပြီး ကျန်ရှိသည့်အသားတင်အမြတ်ဖြင့်တွက်ချက်သည်။ အခြားသောအရာများမှာ နုတ်ယူနိုင်သော စားသောက်ခြင်းများ၊ ဖုန်းဖိုးများနှင့် တန်ဖိုးလျော့ကျခြင်းများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ငွေကြေးထောက်ပံ့မှု ခွင့်ပြုရာတွင် နုတ်ယူတွက်ချက်မည်ဖြစ်သည်။
5. လူနာ (အသေးစားဖြစ်ပါက ထောက်ခံသူ)သည် လိုအပ်သည့် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုအစီအစဉ်များတွင် ပူးပေါင်းပါဝင်ရမည်။
6. အကယ်၍ လူနာသည် အခြားတတိယအဖွဲ့အစည်းတွင်အကျုံးဝင်ခြင်း သို့မဟုတ် COBRA အရ အကျုံးဝင်နေပါက အာမခံတွင်ဖော်ပြထားသည့် လူနာဘက်အခြမ်း အကျိုးခံစားခွင့်ကိုသာ ဤ ငွေကြေးထောက်ပံ့မှုမူဝါဒအရ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ အာမခံကုမ္ပဏီများမှ ပေးချေမှုများသည်ပို ဤ ငွေကြေးထောက်ပံ့မှုမူဝါဒတွင် အကျုံးမဝင်ချေ။ ကွန်ရက်အတွင်းမဟုတ်သည့် ဝန်ဆောင်မှုကိုအသုံးပြုခြင်း သို့မဟုတ် စည်းမျဉ်းများလိုက်နာရန်ပျက်ကွက်သည့်အတွက် အာမခံကုမ္ပဏီမှ အာမခံပေးရန်ငြင်းဆိုခြင်းခံရပါက ဤ ငွေကြေးထောက်ပံ့မှုမူဝါဒအရ ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ပါ။
7. လူနာသည် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှု ရရှိရန်အတွက် ၎င်းသည် Parkview ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ဧရိယာရှိ လူနေထိုင်သည့် ဒေသများတွင် နေထိုင်သူ ဖြစ်ရမည် ဖြစ်သည်။ Parkview ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ဧရိယာပြင်ပဖြစ်သည့် အခြားပြည်နယ် သို့မဟုတ် နိုင်ငံပြင်ပမှ ရတော့ဖြစ်စေ သို့မဟုတ် ရေရှည်ကာလအတွက် ဖြစ်စေ လာရောက်သည့်သူများသည် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအား မရရှိနိုင်ပါ။
8. အကယ်၍ လူနာအကောင့်သည် လျှောက်ထားကာလအတွင်း လျှောက်ထားမှုသာ အကျုံးဝင်မည်ဖြစ်သည်၊ အသုံးအနှုန်း အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။ Parkview စုဆောင်းခြင်း မူဝါဒအရ မည်သည့်လူတစ်ဦးတစ်ယောက်ခြင်း ပေးသည့်အကောင့်မဆို ငွေကြေးထောက်ပံ့ခြင်းကို ထောက်ခံသူ၏ အကောင့်သို့သာ ပြန်လည်ပေးအပ်မည်ဖြစ်သည်။
9. IRS တွင် သတ်မှတ်ထားသည့် ပင်စင်ယူသည့် အကောင့်တွင် ပါဝင်၍ ကန့်သတ်မထားသည့်အရာများမှာ - ပင်စင်ဖြစ်သည့် 401K ၊ 403B ဖြစ်ပြီး ၎င်းတို့နှင့်ပတ်သက်၍ ပင်စင်ထောက်ပံ့ငွေ ရရှိကြောင်း လက်ခံ မရှိပါက၊ IRAs အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအား ထောက်ပံ့ခြင်းမပြုရန် ဆုံးဖြတ်သည်။။
10. ဝင်ငွေအရ (၂၀၀% FPL) ကျော်လွန်သည့် မည်သည့်လူနာမဆို ရုတ်တရက်ပြင်းထန်သည့်ကျန်းမာရေးဆိုင်ရာ ဝဒေနာခံစားရမှုအတွက် Parkview ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့်သာ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုကို ရရှိမည်ဖြစ်သည်။ ၎င်းအတွက် ကျွန်ုပ်တို့သည် ရုတ်တရက်ပြင်းထန်စွာခံစားရသည့် ကျန်းမာရေးဝဒေနာအတွက် ပံ့ပိုး မှုအား လက်ရှိ အထွေထွေကုန်ကျစရိတ်သို့ ထည့်သွင်းခြင်း သို့မဟုတ် ၎င်းတို့၏ ဝင်ငွေမှ ၂၅% အား ထည့်သွင်းစခေငြ်းဖြင့် ပုပြပ်ပေးသည်။ ရုတ်တရက်ပြင်းထန်စွာခံစားရသည့် ကျန်းမာရေးဝဒေနာအတွက် ပံ့ပိုးမှုအား အထွေထွေကုန်ကျစရိတ်အဖြစ် ပေးအပ်သည့်ပမာဏထက် ကျော်လွန်သည့် ပမာဏအား လူနာများမှ မရနိုင်ပါ။ Parkview.com တွင် ယခု နှစ်အတွက် Parkview Health ကျန်းမာရေးဌာနတစ်ခုစီ၏ အထွေထွေကုန်ကျစရိတ်အတွက် စုစုပေါင်းကုန်ကျသည့်ပမာဏများအား ကြည့်ရှုနိုင်သည်။
11. အာမခံမဲ့ (ကိုယ်တိုင် ပေးချေသူ)သော လူနာများအတွက် သင့်လျော်သတ်မှတ်ထားသော ဝန်ဆောင်မှုများအားလုံးတွင် Medically Uninsured Discount (MUD) (ဆေးကုသမှု အာမခံမဲ့ လျှော့ပေးမှု) ကျသင့်ငွေ၏ ၃၀ ရာခိုင်နှုန်းကို သတ်မှတ်လိုက်ပါသည်။ MUD ကိစ္စဆောင်ရွက်ရန်အတွက် Charity/Presumptive Medically Uninsured Discounts နည်းလမ်းကို ရည်ညွှန်းလိုက်ပါ။

## အီး။ အကျုံးဝင်မှုယူဆချက်များ

1. အခြားအချက်အလက်များသည် ငွေကြေးဆိုင်ရာ အထောက်အပံ့အတွက် လူနာ၏ သတ်မှတ်ချက် ပြည့်မီမှုကို ပံ့ပိုးပါက စီမံခန့်ခွဲရေးသည် ပြီးအောင်ဖြည့်စွက်ထားသည့် ငွေကြေးအထောက်အပံ့ လျှောက်လွှာထက်နည်းသော ငွေကြေးဆိုင်ရာ အထောက်အပံ့ကို အတည်ပြုနိုင်ပါသည်။ ငွေကြေးဆိုင်ရာ အထောက်အပံ့အတွက် မှန်ကန်သည်ဟု မှတ်ယူရသော သတ်မှတ်ချက် ပြည့်မီမှုကို လူနာ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအဖွဲ့ မူဝါဒများတွင် ထပ်ဆောင်း မှတ်တမ်းတင်ပါသည်။

**အက်ဖ်။ လျှောက်ထားခြင်းလုပ်ငန်းစဉ်**

1. ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းကို မည်သည့်ဆေးရုံငွေကိုင်ဧရိယာတွင်မဆို လျှောက်ထားနိုင်ပြီး လူနာ ငွေကြေးဝန်ဆောင်မှု ဖုန်းခေါ်ဆိုစင်တာ 260-266-6700 သို့မဟုတ် အခမဲ့ 855-814-0012 သို့မဟုတ် Parkview.com တွင် ကြည့်နိုင်သည်။
2. လူနာနှင့် လူနာ အိမ်ထောင်ဖက် သို့မဟုတ်  ထောက်ခံသူသည် ပြည့်စုံစွာဖြည့်ထားပြီး၊ လက်မှတ်ထိုးကာ နေ့စွဲတပ်ထားသည့် ငွေကြေးထောက်ပံ့မှုလျှောက်လွှာကို သက်ဆိုင်ရာ တွဲစာများနှင့် အတူတွဲတင်မှသာ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ လိုအပ်သော တွဲစာများကို ငွေကြေးထောက်ပံ့မှုလျှောက်လွှာတွင် စာရင်းပြုစုဖော်ပြထားသည်။ ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းနှင့် တွဲစာများကို ပေးထားသော လိပ်စာအတိုင်း အပြည့်အစုံဖော်ပြပြီး လျှောက်လွှာပါနေ့စွဲမှ ရက် 30 အတွင်းပေးပို့လျှောက်ထားရမည်။

**ဂျီ။ ခွင့်ပြုခြင်းလုပ်ငန်းစဉ်**

1. ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းကို Parkview Health ၏ CFO သို့မဟုတ် ကိုယ်စားလှယ်မှ ဆုံးဖြတ်ခွင့်ပြုပေးမည်။
2. အရေးပေါ်နှင့်လိုအပ်သော ဆေးဝါးကုသမှုအတွက် ငွေကြေးထောက်ပံ့မှုလျှောက်ထားခြင်းကို လျှောက်လွှာတွင်ပါဝင်သည့်နေ့စွဲမှ ထောက်ခံသူ သို့မဟုတ် လူနာ၏အခြေအနေမပြောင်းလဲလျှင်၊ ဆိုလိုသည်မှာ အလုပ်အကိုင်အခြေအနေ ပြောင်းလဲခြင်း၊ ခြောက်လ အကျုံးဝင်ပါမည်။ လူနာများသည် လျှောက်လွှာခွင့်ပြုခြင်း ခြောက်လကျော်သွားပါက သို့မဟုတ် ခြောက်လအတွင်း အခြေအနေများပြောင်းလဲသွားပါက ပြန်လည် လျှောက်ထားရန်လိုအပ်သည်။
3. လူနာ/အာမခံသူသည် စာဖတ်ရေးသားပေးပို့သည့် အကြောင်းကြားစာဖြစ်သည့် ( US စာတိုက်မှ ပေးပို့သည့် စာ သို့မဟုတ် အီးမေးလ်၊ ဖုန်းမတ်စေ့၊ ဖက် စသည့်တို့ဖြင့် ) ၎င်းတို့နှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုရရှိခြင်း သို့မဟုတ် ငြင်းပယ်ခြင်းစသည့် အကြောင်းကြားစာအား လက်ခံရရှိမည်ဖြစ်သည်။
4. Parkview သည် FQHC ထောက်ပံ့ကူညီသည့် မိတ်ဖက်များနှင့်လည်း လက်တွဲ၍ မိတ်ဖက်များမှ လူနာများအား ထောက်ပံ့ကူညီသည့် အဖွဲ့များမှ Parkview တွင် လာရောက်ကြသည့်အခါ ၎င်းတို့မှ ရနိုင်သည့် ထောက်ပံ့ကူညီသည့်အဖွဲ့များမှ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လူနာများအား ပရဟိတ ပေးအပ်ရန် လျှောက်ထားနိုင်ပါသည်။

**အိတ်ရ်၊ ပြန်လည်ပေးအပ်ခြင်းမရှိလျှင် အရေးယူမှုများ**

1. ငွေကြေးထောက်ပံ့ခြင်းမူဝါဒအောက်တွင် ငွေကြေးထောက်ပံ့ခြင်းအကျုံးမဝင်သောသူများသည် စုဆောင်းခြင်း မူဝါဒအရ လူနာများသို့ တိုက်ရိုက်ငွေတောင်းခံပါမည်။ ပေးနိုင်သည့်နည်းလမ်းများနှင့် မပေးဆောင်ပါက အရေးယူမည့်အခြေအနေများကို ဤမူဝါဒတွင် ဖော်ပြထားသည်။ စုဆောင်းခြင်းမူဝါဒကို လူနာငွေကြေးဆိုင်ရာဝန်ဆောင်မှုဌာနတွင် အခမဲ့ရယူနိုင်ပြီး 260-66-6700 သို့လည်းကောင်း အခမဲ့ဖုန်း 855-814-0012 သို့မဟုတ် Parkview.com တွင် ကြည့်ရှုနိုင်သည်။

**အိုင်။ လူနာသို့ငွေတောင်းခံရန် တွက်ချက်သည့်အခြေခံအချက်များ**

1. ဤမူဝါဒအရ အကျုံးဝင်မှုဆုံးဖြတ်ရာတွင် လူနာတစ်ယောက်သည် အရေးပေါ်သို့မဟုတ် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုရရန် ငွေကြေးထောက်ပံ့မှုအတွက် AGB ထက်ပို၍ တောင်းခံခြင်းပြုမည် မဟုတ်ပါ။
2. Parkview Health သည် AGB ကိုဆုံးဖြတ်ရန် Look-Back Method (ပြန်လှန်ကြည့်ရှုနည်း)ကို အသုံးပြုသည်။  ဤနည်းကို အသုံးပြု၍ Parkview Health ဆေးရုံတစ်ခုစီအတွက် AGB ကို Medicare ဝန်ဆောင်ခနှင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံများမှ ခွင့်ပြုသော လွန်ခဲ့သော ၁၂ လအတွင်းမှ အရေးပေါ် နှင့် အခြား ဆေးဘက်ဆိုင်ရာများအတွက် လိုအပ်သည့် စောင့်ရှောက်မှုများ၊ ဝန်ဆောင်မှု ကုန်ကျစရိတ် စုစုပေါင်းကို ထိုဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကုန်ကျစရိအဝဝကို စားခြင်းဖြင့် တွက်ချက်သည်။ Parkview Health သည် AGB ရာခိုင်နှုန်းအား လျှောက်ထားမှုကို တွက်ချက်မှုများပြီးဆုံးသည့် ၁၂ လ ပြည့်ပြီး ၁၂၀ ရက်မြောက် နေ့မှသာ စတင်သည်။
3. လူထုသည် လက်ရှိ AGB ရာခိုင်နှုန်းကို အောက်ပါအဆက်အသွယ်များမှတဆင့် အခမဲ့ရယူနိုင်သည်။
4. Parkview Health အနေနှင့် ဤမူဝါဒအရ ငွေကြေးထောက်ပံ့မှုရရှိသောလူများကို ငွေတောင်းခံခြင်း သို့မဟုတ် စုစုပေါင်းကုန်ကျစရိတ်ကို တောင်းခံခြင်းတို့ ပြုလုပ်မည်မဟုတ်ပါ။

**ဂျေ။ ဆေးရုံဆက်သွယ်ရန်များ**

ဤမူဝါဒနှင့်ပတ်သက်၍ ဆက်လက်သိလိုပါက အောက်ပါတို့ကိုဆက်သွယ်ပါ -

1. လူနာများ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဖုန်းခေါ်ဆိုရန် 260-266-6700 သို့ အခမဲ့ခေါ်ဆိုခွင့်နံပါတ် 855-814-0012 သို့

   ARS အသင်း - လူနာများ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ
   Parkview Health
   စာပို့နံပါတ် 5600
   Fort Wayne, IN 46895

2. မနက် 9 နာရီမှ ညနေ 4 နာရီအတွင်း အောက်ပါ ငွေကိုင်ရုံးများကိုလည်း ဆက်သွယ်နိုင်သည်။

   **Parkview Regional Medical Center and Parkview Ortho Hospital**
   11109 Parkview Plaza Drive (Entrance 2A)
   Fort Wayne, IN 46845

   **Parkview Hospital Randallia**
   2200 Randallia Drive
   Fort Wayne, IN 46805

   **Parkview DeKalb Hospital**
   1316 E. 7th Street
   Auburn, IN 46706

   **Parkview Huntington Hospital**
   2001 Stults Road
   Huntington, IN 46750

   **Parkview LaGrange Hospital**
   207 North Townline Road
   LaGrange, IN 46761

   **Parkview Noble Hospital**
   401 Sawyer Road
   Kendallville, IN 46755

   **Parkview Wabash Hospital**
   10 John Kissinger Drive
   Wabash, IN 46992

   **Parkview Warsaw**
   1355 Mariners Drive
   Warsaw, IN 46582

   **Parkview Whitley Hospital**
   1260 E. State Road 205
   Columbia City, IN 46725

   **Parkview Park Center**
   909 E. State Blvd.
   Fort Wayne, IN 46805

## K. အခြားအချက်အလက်

1. Parkview Parkview Health အထောက်အပံ့များ နှင့်/သို့မဟုတ် ပံ့ပိုးသူများသည် လူနာများအတွက် ကုန်ကျစရိတ်မရှိဘဲ လူထုအကျိုးခံစားခွင့်အနေဖြင့် လူထုအဖွဲ့အစည်းက ရည်ညွှန်းလွှဲပြောင်းပေးသော ရွေးချယ်ဝန်ဆောင်မှုများကို ပံ့ပိုးရန် ရွေးချယ်နိုင်ပါသည်။ ဤလူထု အဖွဲ့အစည်းများတွင် အောက်ပါအတိုင်း ကန့်သတ်ချက်မရှိဘဲ ပါဝင်နိုင်ပါသည်။ Matthew 25 Health and Care & Neighborhood Health Clinic.

# ရည်ညွှန်းများ

လက်ရှိနှစ်၏ စုစုပေါင်းမိသားစုဝင်ငွေနှင့် နှိုင်းယှဉ်ပြီး ပြည်ထောင်စု ဆင်းရဲမှုညွှန်းကိန်းအဆင့်၏ 250% ကို ငွေကြေးထောက်ပံ့မှုအတွက် အကျုံးဝင်၊ မဝင် ဆုံးဖြတ်ပါမည်။ ပြည်ထောင်စု ဆင်းရဲမှုညွှန်းကိန်းကို နှစ်စဉ် ပထမ သုံးလပတ်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ထုတ်ပြန်သည်။ လက်ရှိ ပြည်ထောင်စုဆင်းရဲမှု ညွှန်းကိန်းကိုParkview.com တွင်ရရှိနိုင်သည်။